Interim Executive Council
Karenni State

Contact Number: +66 955751317, Email: IEC_dept.humanitarian@protonmail.com

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ
## လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန

## ကြေညာချက်အမှတ်၊ ၁/၂၀၂၄
## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်
## "ကရင်နီပြည်အတွင်း ရေဘေးသင့် ပြည်သူများအတွက် အရေးပေါ်အကူအညီများ ပေးဆောင်နိုင်ရန် ပန်ကြားဖိတ်ခေါ်ခြင်း"

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့မှစ၍ ကရင်နီပြည်အတွင်း ရက်သတ္တပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းများ နေရာဒေသအနှံ့ဆက်တိုက်ဖြစ်ပေါ်နေပါသည်။ ဖယ်ခုံမြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် ရှားတောမြို့နယ်ဒေသများတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဘေးကို ပြည်သူများကြုံတွေ့ရ လျက်ရှိပါသည်။ ရေကြီးရေလျှံမှုများကြောင့် ကျေးရွာအချို့နှင့် စစ်ရှောင်စခန်းများ၊ လယ်ယာစပါးစိုက်ခင်းများ၊ ပျိုးခင်းများ ရေလွှမ်းမိုးပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

၎င်းမြို့နယ်ဒေသအသီးသီးတွင် ရေဘေးသင့်ပြည်သူများကို ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာနမှ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့် ချိတ်ဆက်ပူးပေါင်း၍ တုံ့ပြန်ကူညီဖြေရှင်းမှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဖယ်ခုံမြို့နယ်** ရေကြီးရေလျှံမှုများကြောင့် စစ်ရှောင်စခန်း (၃) ခု၊ လူဦးရေ (၂,၆၀၀) ကျော် ရေဘေးသင့်ကြုံတွေ့ရသည့်အပြင် တိကျိုတ်ကျေးရွာအတွင်း တောင်ကျရေစီးဆင်းမှုကြောင့် မြေပြို၍ လူ (၃) ဦး သေဆုံးခဲ့ကာ နေအိမ် (၂၅) လုံးခန့် ပျက်စီးခဲ့ရသည်။

**လွိုင်ကော်မြို့** တွင် ယခုပတ်အတွင်း အကြမ်းဖက်စစ်တပ်မှ မိုးဗြဲရေကာတာ ရေထပ်မံလွှတ်ချ၍ လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာ (၃) ရွာနှင့် စစ်ရှောင်စခန်း (၁) ခုတွင်ရေဘေးသင့် ပြည်သူ

များလူဦးရေ (၅,၀၀၀) ခန့်ရေလွှမ်းမိုးမှုခံနေရသည်။ ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးထားမှုများ လယ်ယာစပါးကေ (၃,၀၀၀) ကျော်ရေလွှမ်းမိုးပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

**ဒီးမော့ဆိုမြို့နယ်** ယခုရက်ပိုင်းအတွင်း ဒီးမော့ဆိုမြို့နယ်တွင် ရေဘေးသင့်ကျေးရွာနေပြည်သူများအပါအဝင် စစ်ရှောင်ပြည်သူများ လူဦးရေစုစုပေါင်း (၁၀,၀၀၀) ဦးခန့်ရှိသည်။ ရေကြီးရေလျှံမှုကြောင့် စစ်ရှောင်စခန်း (၇) ခု ရေလွှမ်းမိုးမှုခံရ၍ အရေးပေါ်ရွှေ့ပြောင်း ယာယီနေရာချထားရဆဲရှိသည်။ ရေလွှမ်းမိုးမှုနှင့်တောင်ပြိုမှုကြောင့် စပါးစိုက်ခင်းကေ (၁,၀၀၀) ရေလွှမ်းမိုးမှုပျက်စီးဆုံးရှုံးမှုအပြင် အခြားသော ကောက်ပဲသီးနှံနှင့် နှမ်းစိုက်ပျိုးမှု ပျက်စီးဆုံးရှုံးမှုများကြုံတွေ့နေရသည်။

**ဖရူဆိုမြို့နယ်** တစ်ပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွား၍ ကျေးရွာခန်းမဆောင် (၁) လုံး၊ စပါးကျီ (၁) လုံးပျက်စီးပြီးကျေးရွာအတွင်း မြေအက်ကြောင်းများဖြစ်၍ အိမ်ခြေ (၃၀) လုံး၊ လူဦးရေ (၂၀၀) ဦးခန့်ရှိပြီး အရေးပေါ်ရွှေ့ပြောင်းနေရာချထားဆဲဖြစ်သည်။ ရေကြီးမြေပြိုမှုများကြောင့် လမ်းနှင့်တံတား ပြိုကျပျက်စီးခြင်းဖြစ်ပေါ်၍ ဒေသခံပြည်သူများနှင့် စစ်ရှောင်လူထု (၁၀,၀၀၀) ဦးဝန်းကျင် ရေဘေးသင့်ကြုံတွေ့ရပြီး သွားလာရေးအတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။

**ရှားတောမြို့နယ်** (ခ) **ဆိုမိုပရေဆိုးလေးမြို့နယ်** အတွင်း၌လည်း ပွန်ချောင်းရေကြီးရေမြင့်တက်မှုကြောင့် စူးဖဲလော့ကျေးရွာ၊ နော်ပလုကျေးရွာ၊ ပွန်ချောင်းကျေးရွာနှင့် စစ်ရှောင်စခန်းတစ်ခုတို့ကို ရေလွှမ်းမိုးခဲ့သည့်အတွက် လူဦးရေ (၁,၃၃၅) ဦးခန့်ရေဘေးသင့်ခံရ လျက်ရှိပြီး နေအိမ်နစ်မြုပ်ပျက်စီးမှုအပြင် အခြားပိုင်ဆိုင်မှုများဆုံးရှုံးများ ရှိနေပါသည်။ ထို့အပြင် ရေနစ်မြုပ်မှုကြောင့် အရေးပေါ်ရွှေ့ပြောင်းခဲ့ရ၍ အစားအသောက်၊ အဝတ်အထည်များနှင့် ယာယီနေရာချထားရာတွင် အမိုးအကာမလုံလောက်သည့် အခက်အခဲများကြုံတွေ့နေကြရသည်။ ရေနစ်မြုပ်မှုကြောင့် ရေချောင်းနံဘေးတွင် စိုက်ပျိုးထားသော သီးနှံများပါပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရသည်။

**ရေဘေးသင့်ပြည်သူများအတွက် လတ်တလော အကူအညီလိုအပ်ချက်များ -**

၁။ Provision of basic food အခြေခံစားနပ်ရိက္ခာ

လတ်တလောတွင် ရေမြင့်တက်နေသောကြောင့် ယာယီရွှေ့ပြောင်းနေထိုင်ရသူ လူဦးရေစုစုပေါင်း (၂၈,၇၃၅) ဦးအတွက် အခြေခံစားနပ်ရိက္ခာများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည်များ အရေးပေါ်လိုအပ်လျက်ရှိသည်။

၂။ Provision of hygiene kits သန့်ရှင်းရေးသုံးပစ္စည်းများ

လတ်တလောတွင် ယာယီ ရွှေ့ပြောင်းနေထိုင်နေသည့် အိမ်ထောင်စု (၅၇၄၇) စု၏ အရေးပေါ် တစ်ကိုယ်ရေ သန့်ရှင်းအရေးအတွက် ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ အဝတ်အထည်၊ အမျိုးသမီးအသုံးအဆောင်များအပြင် သောက်ရေသန့်များ လိုအပ်လျက်ရှိသည်။

၃။ ယာယီတဲဆောက်လုပ် အိပ်သုံးပစ္စည်းများ

လတ်တလောတွင် ယာယီရွှေ့ပြောင်းနေထိုင်အိမ်ထောင်စု (၅၇၄၇) စုအတွက်အရေးပေါ် တဲဆောက်နေထိုင်နိုင်ရန် မိုးကာ၊ ဝါး၊ သွပ်ကြိုး လိုအပ်လျက်ရှိသည်။

လူသားချင်းစာနာထောက်ထားရေးနှင့် ပြန်လည်ထူထောင်ရေးဌာန

Department of Humanitarian and Rehabilitation

ဆက်သွယ်ရန်-

Telegram / Signal Number: +66955751317